# ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှု လျှော့ချရေးလုပ်ငန်းစဥ်အတွက် ကရင်ပြည်နယ်၏ လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေ

**ကရင်ပြည်နယ်အတွင်းဆောင်ရွက်ချက်များ**

၁။ ငါးကဏ္ဍဆောင်ရွက်မှုများအား အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

(က) တပိုင်တနိုင်မှ ဟင်းစားအတွက် ဘားအံမြို့နယ်၊ လှိုင်းဘွဲ့မြို့နယ်နှင့် ကော့ကရိတ်မြို့နယ်များအတွင်း ဆောင်ရွက်ဆဲဖြစ်ပါသည်။

(ခ) တပိုင်တနိုင်မှ စီးပွားဖြစ် မွေးမြူရေးအစုအဖွဲ့များအတွက် ဘားအံမြို့နယ်နှင့် လှိုင်းဘွဲ့မြို့နယ်များအတွင်း ဆောင်ရွက်ဆဲဖြစ်ပါသည်။ (၉-၉-၂၀၁၁)နှင့် (၂၀-၉-၂၀၁၁)ရက်နေ့များတွင် ဘားအံမြို့နယ်၊ ရွှေတောကျေးရွာရှိမွေးမြူရေးအစုအဖွဲ့များအတွက်သ/မချေးငွေရရှိရေးညှိနှိုင်းဆောင်ရွက်ခဲ့ပါသည်။ (၂၈-၉-၂၀၁၁) ရက်နေ့တွင် လှိုင်းဘွဲ့မြို့နယ်၊ ထီးလုံကျေးရွာ၌ တပိုင်တနိုင်မွေးမြူရေးအစုအဖွဲ့ဖွဲ့စည်းရန် စည်းရုံးခဲ့ပါသည်။

(ဂ) ပေါင်းစည်းလယ်ယာ ဖော်ဆောင်ရေးအတွက် (၁-၉-၂၀၁၁)ရက်နေ့တွင် ဘားအံမြို့နယ် ကော့ရီကျေးရွာရှိ ပေါင်းစည်းလယ်ယာအား ကွင်းဆင်း စည်းရုံးဆောင်ရွက်ခဲ့ပါသည်။ (နောက်ဆက်တွဲ-က)

(ဃ) တစ်ရွာထုတ်ကုန်တစ်မျိုးအတွက်ဘားအံမြို့နယ်၊ လှိုင်းဘွဲ့မြို့နယ်နှင့် ကော့ကရိတ်မြို့နယ်များအတွင်း ကွင်းဆင်းဆောင်ရွက်ခဲ့ပြီး(၁၂-၉-၂၀၁၁)ရက်နေ့တွင် လှိုင်းဘွဲ့မြို့နယ် ကဇိုင်းကျေးရွာရှိ ပုစွန်ကုန်ထုတ် အစုအဖွဲ့ဝင်များနှင့်တွေ့ဆုံ၍ လည်းကောင်း၊ (၂၂-၉-၂၀၁၁)ရက်နေ့တွင် လှိုင်းဘွဲ့မြို့နယ် ကဇိုင်းကျေးရွာရှိ တစ်ရွာထုတ်ကုန်တစ်မျိုး ပုစွန်အစုအဖွဲ့များ၏ ချေးငွေရရှိရေးအတွက် လည်းကောင်း ပြည်နယ်သမဝါယမဦးစီးဌာနသို့တင်ပြပါသည်။ (၂၆-၉-၂၀၁၁) ရက်နေ့တွင်၊ ကြာအင်းဆိပ်ကြီးမြို့နယ်၊ ကမ်းနားပိုင်း ငါးဖမ်းလုပ်ငန်းအစုအဖွဲ့၏ လိုအပ်သော ချေးငွေရရှိရေးကို ညှိနှိုင်းဆောင်ရွက်ပေးခဲ့ပါသည်။

**အသားကဏ္ဍဆောင်ရွက်မှုများ**

၂။ (၂-၉-၂၀၁၁)ရက်နေ့တွင် ကြာအင်းဆိပ်ကြီးမြို့နယ်၊ ချောင်းနှစ်ခွ ကျေးရွာ၌ မွေးမြူရေး အစုအဖွဲ့ စုဖွဲ့ရန် ပညာပေး စည်းရုံးခဲ့ပါသည်။ တစ်ရွာထုတ်ကုန်တစ်မျိုးအတွက် ဘားအံမြို့နယ်၊ လျှာကဒေါင်းကျေးရွာအတွင်း မွေးမြူထားသော တိရစ္ဆာန်ကျန်းမာရေး စောင့်ရှောက်မှုနှင့် ဇီဝလုံခြုံမှုများ မြှင့်တင်ခဲ့ပါသည်။

၃။ (၃-၉-၂၀၁၁) နှင့် (၆-၉-၂၀၁၁)ရက်နေ့များတွင် ကော့ကရိတ်မြို့နယ်၊ ကော့မီကျေးရွာ၊ ဖားကြီးကျေးရွာနှင့် ကုံဆိုင်းကျေးရွာများတွင် မွေးမြူရေးအစုအဖွဲ့ဖွဲ့စည်းရန် စည်းရုံးခဲ့ပါသည်။

၄။ (၄-၉-၂၀၁၁)ရက်နေ့တွင် ဘားအံမြို့နယ်၊ တောင်သူကုန်းကျေးရွာ မွေးမြူရေးဇုန်အတွင်း တိရစ္ဆာန်ကျန်းမာရေးနှင့် ဇီဝလုံခြုံမှုများ မြှင့်တင်ခဲ့ပါသည်။

၅။ (၅-၉-၂၀၁၁) ရက်နေ့တွင် မြဝတီမြို့နယ်၊ မြို့ပေါ်ရပ်ကွက်များတွင် နို့စားနွားမွေးမြူရေး အစုအဖွဲ့များ ဖွဲ့စည်းရန်၊ လှိုင်းဘွဲ့မြို့နယ်၊ ထီလုံကျေးရွာ၌ တိုင်းရင်းကြက် မွေးမြူရေးအစုအဖွဲ့ ဖွဲ့စည်းရန်၊ (၁၂/၁၃-၉-၂၀၁၁)ရက်နေ့များတွင် လှိုင်းဘွဲ့မြို့နယ်၊ ရွှေဂွန်းကျေးရွာ၌ ဝက်မွေးမြူရေး အစုအဖွဲ့ စုဖွဲ့ရန် (၁၂-၉-၂၀၁၁)ရက်နေ့တွင်ဘားအံမြို့နယ်၊ ဝန်းကျင်ကျေးရွာ (ဝင်းရတနာ) ဘဲမွေးမြူရေး အစုအဖွဲ့ ဖွဲ့စည်းရန်၊ (၁၂-၉-၂၀၁၁)ရက်နေ့တွင် ကြာအင်းဆိပ်ကြီး မြို့နယ်၊ ကြာအင်းရွှေတိုးကျေးရွာတွင် မွေးမြူရေး အစုအဖွဲ့ ဖွဲ့စည်းရန်၊ (၁၃/၁၄-၉-၂၀၁၁) ရက်နေ့များတွင် သံတောင်ကြီးမြို့နယ်၊ စပါးကျီကျေးရွာအုပ်စု၊ ဥသျှစ်ကုန်းနှင့် အမှတ်(၂) ရပ်ကွက်တွင် မွေးမြူရေး အစုအဖွဲ့များ ဖွဲ့စည်းရန်၊ (၁၄-၉-၂၀၁၁)ရက်နေ့တွင် ကော့ကရိတ် မြို့နယ်၊ တောင်ကြာအင်းကျေးရွာအုပ်စုတွင် မွေးမြူရေး အစုအဖွဲ့များ ဖွဲ့စည်းရန်၊(၁၂/၁၃/၁၄-၉-၂၀၁၁)ရက်နေ့များတွင် မြဝတီမြို့နယ်၊ သ ံ ယန်းညီနောင်၊ မဲပလဲ၊ ကျောက်လုံးကြီး၊ ရေပူ ကျေးရွာများတွင် ကြက်၊ ဝက်၊ ဆိတ်၊ နွား မွေးမြူရေး အစုအဖွဲ့များ ဖွဲ့စည်းရန်နှင့် ရွှေသံလွင် ကုမ္ပဏီမှထုတ်ချေးသည့် ချေးငွေ(၃၆.၃၀)သိန်းကို အစုအဖွဲ့သို့ ပေးအပ်ခြင်းများ ဆောင်ရွက်ခဲ့ ပါသည်။

၆။ အသားကဏ္ဍ အစုအဖွဲ့ ဖွဲ့စည်းပြီးစီးမှုများကို နောက်ဆက်တွဲ(ခ) ဖြင့် ဖော်ပြအပ်ပါသည်။